ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးမဟာဗျူဟာ (အကျဉ်းချုပ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ တာဝန်ပေးချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြားကာလတစ်ရပ်ဖြစ် သည့် ၂၀၂၁ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာ ကာလအတွင်း ပြည်သူလူထု အနေဖြင့် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီ ရရှိကြစေရန် ဦးတည်မည့် ကျန်းမာရေးမဟာဗျူဟာ (အကျဉ်းချုပ်)ကို ရေးဆွဲခဲ့ကြပါသည်။ ယခု မဟာဗျူဟာအား ရေးဆွဲရာတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အခြေပြု၍ "အားလုံး လွှမ်းခြုံလက်လှမ်းမီသည့်ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage)"နှင့် "ဖယ်ဒရယ်ကျန်းမာရေးစနစ် (Federal Health System)"၏ အတွေးအမြင်များ၊ လုပ်နည်းလုပ်ဟန်များအား လုပ်ငန်းလမ်းညွှန်များ (guiding principles) အဖြစ်ခံယူထား ပါသည်။

ဤမဟာဗျူဟာ၏ မဏ္ဍိုင်များမှာ အောက်ပါတို့ဖြစ်ပါသည်။

(၁) လူထုအခြေပြုကျန်းမာရေးစနစ် (Community Health System)

လူထုအခြေပြုကျန်းမာရေး စေတနာ့ဝန်ထမ်းများသည် ရှေ့တန်းကျန်းမာရေး စောင့်ရှောက်မှုပေးသူများဖြစ်ကြပါမည်။ ဒေသအလိုက် ဖွဲ့စည်းထားသည့် လူထု အခြေပြုဒေသန္တရစီမံခန့်ခွဲရေးအဖွဲ့များနှင့် ချိတ်ဆက်၍လည်းကောင်း၊ ဖွံ့ဖြိုးရေး မဟာမိတ်များ (development partners)များနှင့် ဒေသတွင်းရှိစေတနာရှင်များ၏ အကူအညီအထောက်အပံ့များရယူ၍လည်းကောင်း၊ အခြေခံအကျဆုံး ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်သွားကြမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ရန်

အောက်ခြေအဆင့်တွင် ကျန်းမာရေးကော်မတီများ/ ကျန်းမာရေးအထောက်အကူပြု အဖွဲ့များ ဖွဲ့စည်းထားကြရမည်ဖြစ်ပါသည်။

(၂) ဦးဆောင်မှုနှင့်စီမံအုပ်ချုပ်မှု (Leadership and Governance)

အားလုံးလွှမ်းခြုံလက်လှမ်းမီသည့်ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးကို ဖယ်ဒရယ် ကျန်းမာရေးစနစ် လုပ်နည်းလုပ်ဟန်များဖြင့် အကောင်အထည်ဖော်မည်ဖြစ်ရာ၊ ဗဟိုဦးစီးစနစ်ကို Decentralization ပုံစံဖြင့် ဖြေလျှော့ချမည်ဖြစ်ပါသည်။ ကျန်းမာရေး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်၊ ရည်မှန်းချက်များ ပေါက်ရောက် အောင်မြင်စေရန် တာဝန်ယူ ပဲ့ကိုင်ပေးပါမည်။ နိုင်ငံတကာ ရန်ပုံငွေနှင့် ကျွမ်းကျင်မှု အထောက်အပံ့များ ရရှိစေရန် ဆက်သွယ်ညှိနှိုင်းခြင်းများလုပ်ဆောင်ပါမည်။ ထို့ပြင်ကျန်းမာရေးဝန်ထမ်း များ၊ စစ်အာဏာရှင်များ၏ လူ့အခွင့်အရေး ချိုးဖေါက်ခံနေကြရသည့် အထောက် အထားများကို စုစည်း၍ စစ်အာဏာရှင်များက တာဝန်ခံစေရန် လုပ်ဆောင်သွားပါ မည်။

(၃) ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း (Service Delivery)

ပံ့မှန်ဆောင်ရွက်ပေးလျက်ရှိသည့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများ (မိခင်ကလေးနှင့် မွေးကင်းစကလေးကျန်းမာရေး၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှု၊ အိပ်(ချ်)အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားစသည့် ကူးစက်ရောဂါများ၊ မကူးစက် တတ်သည့်ရောဂါများ၊ ကိုဗစ်(၁၉)ဗိုင်းရပ်စ် ကာကွယ်ကုသခြင်း၊ စိတ်ကျန်းမာရေး၊ ထိခိုက်ဒဏ်ရာရခြင်း) စသည်တို့သည် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်ပါသည်။ လူနာညွှန်းပို့ခြင်းအား စနစ်တစ်ခုအဖြစ်ဖော်ဆောင်၍ ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ဤလုပ်ငန်းအားလုံးကို အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ (Ethnic Health Organizations)၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်သွားရပါမည်။ Telehealth, e-health စသည့် ခေတ်မီ ဆက်သွယ်ရေးနည်းပညာကွန်ရက်များကိုလည်း အသုံးပြု သွားမည်ဖြစ်ပါသည်။ ကျန်းမာရေး ဝန်ဆောင်မှုများ ပေးရာတွင်၊ သာတူညီမျှဖြစ်စေမှု (equity)၊ ပဋိပက္ခမဖြစ်အောင်ဂရုစိုက်ခြင်း (conflict sensitivity)၊ ဖယ်ဒရယ် ဒီမိုကရေစီမှုများ ဦးထိပ်ပန်ဆင်ခြင်းတို့ကို အလေးထားလုပ်ဆောင်မည်ဖြစ်သည်။

(၄) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် (Health Workforce)

အမိန့်အာဏာဖီဆန်ခြင်းလှုပ်ရှားမှု (CDM) လုပ်ဆောင်နေကြသည့် ကျန်းမာရေး ဝန်ထမ်းများ၊ အထွေထွေရောဂါကုဆရာဝန်များ၊ ပုဂ္ဂလိကကဏ္ဍ ကျန်းမာရေးဝန်ထမ်း များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများက စုပေါင်းညီညာစွာ လူထုအကျိုးဖြည့်ဆီးပေးကြပါမည်။ ပြည်ပရှိကျန်းမာရေးဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ နည်းပညာပံ့ပိုးမှုများသည်လည်း အရေးကြီးသည့် အင်းအားတစ်ရပ်အနေဖြင့် ပါဝင်မည် ဖြစ်ပါသည်။

(၅) ကျန်းမာရေးသတင်းအချက်အလက်စနစ် (Health Information System)

ခေတ်မီအိုင်တီနည်းပညာချိတ်ဆက်မှုများအသုံးပြု၍ စီမံခန့်ခွဲမှုအထောက်အကူပြု သတင်း အချက်အလက်များ ရရှိနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၆) ဆေးဝါးပစ္စည်းနှင့်နည်းပညာများ (Medical Products and Technologies)

မြန်မာနိုင်ငံသည် ကိုဗစ် (၁၉) ဗိုင်းရပ်စ် ကာကွယ်ဆေးရရှိရန် အထူးလိုအပ်နေသေး သည့်အလျောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားမိတ်ဖက်များ၏ ကူညီပံ့ပိုးမှုဖြင့် ဝယ်ယူရရှိနိုင်ရန် စီစဉ်ရပါမည်။ ထို့ပြင်အခြားအရေးကြီးရောဂါကာကွယ်ဆေးများ၊ အိပ်(ချ်)အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားရောဂါစသည့် အရေးကြီးရောဂါကု ဆေးဝါးများအား စဉ်ဆက်မပြတ်ဆက်လက်ရရှိနိုင်ရန် ထိရောက်သည့်အစီအမံများ ရေးဆွဲဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(၇) ကျန်းမာရေးဘဏ္ဍာ (Health Financing)

အကြမ်းဖက်စစ်ကောင်စီကို အခွန်ဆောင်ခြင်းမပြုဘဲ ထားခဲ့ကြသည့် ငွေကြေးများကို ကျန်းမာရေး မဟာဗျူဟာ အထောက်အကူပြု လုပ်ငန်းများတွင် ပံ့ပိုးကူညီအသုံးပြုနိုင် ပါသည်။ နိုင်ငံတကာ အထောက်အပံ့များအနေဖြင့်လည်း စီမံကိန်းလုပ်ငန်း တစ်ရပ်ရပ် ကိုသာ ဖောင်းပေးဦးတည်ခြင်း မပြုလုပ်ဘဲ တိုးသာဆုတ်သာ ရှိရှိ ထောက်ပံ့ရပါမည်။ ရပ်ရွာအလိုက် အရေးပေါ်ကျန်းမာရေး ရံပုံငွေများကိုလည်း စုဆောင်းပြင်ဆင်ထားကြ ရပါမည်။

ဤမဟာဗျူဟာအား အကောင်အထည်ဖော်ရာတွင် တီထွင်ဆန်းသစ်မှုများ (innovation) ကိုအလေးထားခြင်း၊ ကပ်ရောဂါများနှင့် ပဋိပက္ခများကြောင့် မယိုင်မလဲစေဘဲ ကြံ့ကြံ့ခံနိုင်စွမ်း (resilience) ရှိသည့် ကျန်းမာရေးစနစ်ဖြစ်အောင်ဖော်ဆောင်ခြင်း၊ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများက ပဋိပက္ခများကို

ရှောင်လွှဲနိုင်ယုံသာမက ငြိမ်းချမ်းရေးအတွက် ပေါင်းကူးတံတားသဖွယ် (health as a bridge for peace) ဖြစ်စေခြင်း၊ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ၊ နေထိုင်ရာဒေသ၊ ကျား၊မ၊ အသက်အရွယ်၊ ပညာအဆင့်အတန်း စသည့် ကွဲပြားခြားနားမှုများက လက်လှမ်းမီမှုကို အဟန့်အတားမဖြစ်စေခြင်း (equity and social inclusion) တို့ကို အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ (UN agencies)၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ (development partners) နှင့် အထွေထွေရောဂါကုဆရာဝန်များ၊ ပုဂ္ဂလိကကျန်းမာ ရေးဝန်ထမ်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့ များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများသည် အတူ လက်တွဲဆောင်ရွက်ကြရမည့် အဖွဲ့အစည်များဖြစ်ကြပါသည်။